# ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ဃ) မည်သူမဆို ဤပုဒ်မအရ ထုတ်ပြန်သောညွှန်ကြားချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင် ထောင်ဒဏ်အနည်းဆုံး (၃) နှစ်မှ အများဆုံး ထောင်ဒဏ် (၅) နှစ်အထိ ချမှတ်ခြင်းခံရမည်။